
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



တောင်စုတော်ရှင် မြောမြို့သာသနာ ပဋ္ဌာန်းဆရာတော်ဘုရားကြီး၊

ဘဒ္ဒန္တဣန္ဒောဘာသ မဟောင်မြှတ် (အနီးချွေဆရာတော်)

www.burmeseclassic.com

www.burmeseclassic.com

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[၃]

ကျေးဇူးတော်ရှင်

ဓမ္မာနုပဿနာ ပစ္စက္ကူဆရာတော်ဘုရားကြီး

ဘဒ္ဒန္တဂ္ကန္ဒောဘာသ မထေရ်မြတ် (အနိစ္စဆရာတော်)

ဟောကြားဆုံးမတော်မူအပ်သော

# ပစ္စုပ္ပန်ကမ္မဘဝ တရားတော်

သတ္တဝါပျောက် ဓမ္မသစ္စာတရားတော်များ အမှတ်စဉ် (၁၁)

တေဇိန္ဒာရာမကျောင်းတိုက်၊ ကုက္ကိုင်းလမ်းဆုံ၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
website: www.aniccasayadaw.org

ဆရာတော်ဘုရားကြီး၏ ပုံတော်ကျောဖုံး

www.burmeseclassic.com

www.burmeseclassic.com

# ပစ္စုပ္ပန်ကမ္မဘဝ တရားတော်

သာသနာတော်နှစ် - ၂၅၅၂
၁၃၇၁နှစ်၊ ဝါခေါင်လဆန်း(၁၀)ရက်
၃၁ ၊ ၇ ၊ ၂၀၀၉၊ သောကြာနေ့၊ နံနက်ခင်းတရားတော်

## မဂ္ဂင်ဆိုတာ ပွားရတာ...မပွားဘဲနဲ့ သူ့ပစ်ထားရင်...

သမ္မာဝါစာ (သမ္မာဝါစာ)၊ သမ္မာကမ္မန္တ (သမ္မာကမ္မန္တ)၊ အဲဒါလေးတွေဆို-ဆိုပေး၊ သို့မဟုတ်လို့ရှိရင် စိတ်ကဆဲချင်တယ် စိတ်ကဆဲချင်တယ်။ "မုဟာပဋိဃာသာ" ဒေါသနဲ့ မောဟ၊ မောဟ ပြီးဒေါသ၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝလို့ ဆို-ဆိုပေး၊ မဆိုလို့ရှိရင် ဆဲချင်တယ် ဒေါသက၊ ဗျာပါဒရှိတယ်လေ . . . ဝမ်းထဲမှာ ဟုတ်ကဲ့လား...မနောကံ မနောကံ၊ အဲ...ဆဲချင်တယ် သူတကာ့ကိုငြိုးတယ်၊ ဆဲချင်တယ်ဆို ငြိုးလို့ပေါ့ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ၊ ဒီကောင်ငါ့ဘယ်လို ဘာဖြစ်မယ် ညာဖြစ်မယ် နဲ့ အဲလို . . . စိတ်ကဖြစ်တာ ဒေါသ၊ "မုဟာပဋိဃာသာ"တဲ့၊ မောဟရယ် ပဋိဃဒေါသရယ်၊ "မုဟာပဋိဃာသာ"၊ "ဒိကုလ္လောလ ဝိဝိး" တဲ့ အဲဒါ မောဟတွေ ဒေါသတွေ အစရှိတဲ့ လှိုင်းတံပိုးရှိတဲ့ သံသရာကြီးကို "မဂ္ဂေါဠုမ္ပေန - မဂ္ဂင်တည်းဟူသော ဖောင်ဖြင့်"၊ ရှေးတုန်းက စာတွေ စာတွေ...အဲဒါမလုပ်တတ်ဘူး၊ မလုပ်တတ်တော့ သူ့စာ သူ့ဟာသူဖြစ်နေတာပဲ၊ သမ္မာဝါစာ သမ္မာကမ္မန္တ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ **မဂ္ဂင်ပွားရတာ၊** ပွားရမဲ့ဟာပွားပေး၊ **မပွားဘဲနဲ့ သူ့-ပစ်ထားရင်** ကိုယ့်ပစ်ထားတာပေါ့၊ "သမ္မဝါစာ" ဆိုတာ ဝစီဒုစရိုက် မရှိတော့ဘူး၊ ဝစီဒုစရိုက် မရှိတော့...အနာဂါမ်မှာ ဝစီဒုစရိုက်မရှိတော့ဘူး၊ သောတာပန်မှာ လိမ်ပြောတဲ့ ဝစီဒုစရိုက်မရှိဘူး၊ အနာဂါမ်မှာ ဆဲတာမရှိဘူး၊ ကုန်းတိုက်တာလည်း မရှိဘူး ဝစီကံလေးက ကိုယ့်ဟာကိုယ် ငြိမ်-ကောင်းနေတယ်၊ ဝစီကံ ကိုယ့်ဟာကိုယ်သိတယ်၊ ဆဲချင်တယ် အကြမ်းထွက်ချင်တယ်၊ ကုန်းတိုက်ချင်တယ်၊ ပြေုစုချင်တယ်၊ ဝန်တိုချင်တယ်၊ ဒေါသ ဆိုစမ်း... (ဒေါသ)၊ ဣဿာ (ဣဿာ)၊ မစ္ဆရိယ (မစ္ဆရိယ)၊ ကုက္ကုစ္စ (ကုက္ကုစ္စ)၊ အဲဒါ ဒေါစတုက် လေးလုံးခေါ်တယ်၊ အဲဒါ သမ္မာဝါစာ သမ္မာကမ္မန္တနဲ့ ဆိုပေးလိုက်တော့ ဟော...အဲဒါတွေ မရှိတော့ဘူး၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ အဲဒါ ဂရုစိုက်...။

## ဝမ်းထဲ ကိုယ့်ပါးစပ်ကြီးထဲမှာတင် သံသရာကြီးက ဖြစ်နေတယ်

"မုဟာပဋိဃာဿာ" တဲ့ မောဟရယ် ဒေါသရယ် အဲဒါ လှိုင်းတံပိုးတွေရှိတယ်၊ အဲဒီ သံသရာကြီးထဲမှာ ဩဃကြီးထဲမှာ ပေါ့၊ အဲ...အဲ...ကိုယ့်ဝမ်းထဲဆိုတော့ ကိုယ့်ခေါင်းထဲပေါ့.. ကိုယ့်စိတ်ထဲ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ၊ ဒေါသ စိတ်ဆိုး ပြီဆိုရင် အဲဒါလေးလုံးပါသွားပြီ၊ ဒေါသရယ် စိတ်ဆိုးတယ်၊ ဣဿာက ပြေုစုတယ်၊ ပါးစပ်ကြီးက စုအောင့်စုအောင့် သဘော မကျဘူး။ အဲဒါ ဗျာပါဒ၊ **ဝမ်းထဲကိုယ့်ပါးစပ်ကြီးထဲမှာတင် သံသရာကြီးက ဖြစ်နေတယ်၊** သံသရာဆိုတာ သူ့ကောဘ့မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ကိုယ့်ပါးစပ်ကြီးထဲမှာ အဲဒါ“ကိုယ့်” “ပါးစပ်ကြီးထဲမှာ” ဖြေးဖြေးဆိုပေး “ကိုယ့်”‥ “ပါးစပ်ကြီးထဲမှာ”‥‥“သံသရာလည်နေတယ်”၊ ဆိုကြည့်စမ်း‥‥(“ကိုယ့်”‥‥“ပါးစပ်ကြီးထဲမှာ”‥‥“သံသရာလည်နေတယ်”)၊ ဘယ်နှစ်ခုတုံး(သုံးခုပါဘုရား)၊ ကိုယ်ဆိုတာကိုယ့်ဟာကိုယ် အတ္တကြီးပေါ့၊ ဒီက‥‥ပါးစပ်ကြီးထဲမှာ “ဆို”နေတာက အနတ္တကြီး ရိပ်မိရဲ့လား၊ “ငါ့”အပေါ်မှာမှီ၍ (ဖြစ်နေပေမဲ့ “ငါလုပ်တာမှ” မဟုတ်ဘဲ)‥‥ဟုတ်ကဲ့လား၊ ဒကာမကြီးတို့ ဒီလို-မစဉ်းစားလို့၊ ပါးစပ်ကြီးကဘယ်သူ့ပါးစပ်ကြီးတုံး၊ အဲလို‥‥စာစစ်ရတယ်၊ ရယ်စရာလည်းကောင်းတယ် ဟုတ်လည်း ဟုတ်တယ် မှန်လည်း မှန်တယ် မဟုတ်ဘူးလား၊ တည့်လည်းတည့်တယ် သမ္မာဝါစာလို့ ဆိုလိုက်တော့ အဲဒီ ကိုယ့်ပါးစပ်ကြီးက ဘယ်လိုဖြစ်သွားတုံး ငြိမ်ကျသွားတယ်၊ ဝစီဒုစရိုက်တွေ ငြိမ်သွားတယ် မဟုတ်လား၊ ဝစီဒုစရိုက်တွေဆိုတာ ဘာကံတုံး (ဝစီကံပါဘုရား)၊ ဝစီကံ အောင်မာ‥‥ဒီလို အမှတ်မထင်ဘဲဆိုတာ အဝိဇ္ဇာပဲ၊ အမှတ်မထင် ပြောလိုက်တာ အမှတ်မထင် ပြောမိဆိုမိ ကဲ‥ ပြောမိဆိုမိဆိုတာ ဘာတုံး (ဝစီကံပါဘုရား)၊ ဝစီကံ လူထဲမှာ‥ လူထဲမှာ နိဗ္ဗာန်ရှိနေတယ်၊ ဟုတ်ကဲ့လား။

## ပါးစပ်ထဲတင် ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ

သမ္မာဝါစာလေ ဘယ်သူ့စကားကောင်းကောင်းပြောလဲ၊ လူမရှိ ဘယ့်နှယ်စကားကောင်းကောင်းပြောပါ့မလဲ၊ ဒီကုလားထိုင်ကြီးကို စကားကောင်းကောင်းသွား-ပြောလို့ရသလား(မရပါဘူးဘုရား)၊ အဲလို‥စိစစ်၊ အဲလို မစိစစ်ဘူး‥ မစိစစ်တော့‥ဆရာ

www.burmeseclassic.com

www.burmeseclassic.com



ပြောမပြရင် . . . သေသည့်တိုင်အောင်ဖြစ်သွားတယ်၊ စူအောင့် စူအောင့် ဆိုစမ်း (စူအောင့်စူအောင့်)၊ ဘယ်သူက ဖြစ်တာတုံး၊ ကိုယ့်ဟာကိုယ်မေး စူအောင့်စူအောင့် ပွစိ ပွစိ ရွစိ ရွစိ . . . မဖြစ်ဘူးလား၊ ဘယ်ကဖြစ်တာတုံး၊ ကိုယ့်ပါးစပ်ကြီးထဲမှာ၊ ဆိုလိုက်စမ်း ကိုယ့်ပါးစပ်ကြီးထဲမှာ (ကိုယ့်ပါးစပ်ကြီးထဲမှာ)၊ စူအောင့် စူအောင် (စူအောင့် စူအောင့်)၊ ပွစိ ပွစိ (ပွစိ ပွစိ)၊ ကဲ . . . မလုပ်ဘူးလား၊ (လုပ်ပါတယ်ဘုရား)၊ လုပ်တာဘာတုံး ကံ ဝဇီကံ၊ **သမ္မဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာဆိုတာ**. . . အဲဒါပျောက်သွားရင်လည်း သောတာပန်၊ ကဒါဂါမ် အနာဂါမ်ဖြစ်တယ်၊ ဘာပြုလို့တုံးဆိုတော့ သောတာပန်ဆို မလိမ်ဘူး၊ သောတာပတ္တိမဂ်က ဟုတ်ကဲ့လား၊ ပြီးတော့ မငြူစူဘူး ဟုတ်ကဲ့လား ဝန်မတိုဘူး ဟုတ်ကဲ့လား၊ အဲဒီ ပါးစပ်ထဲတင် ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကစ္စ (ဒေါသ ဣဿ မစ္ဆရိယ ကုက္ကုစ္စ)၊ အဲဒီ ပါးစပ်ကြီးထဲမှာတင် ကိုယ့်ပါးစပ်ကြီးထဲမှာ ကိုယ်လုပ်ထားတယ်နော် . . တစ်ခါတည်း ကိုယ်မဟုတ်ဘူး အနတ္တဆိုတော့ အဲဒီပါးစပ်ကြီးထဲက ထွက်အုံးမလား၊ အဲလို ဂရုစိုက်ပါဆို . . ကိုယ့်ပါးစပ်ကြီးထဲက ပွစိ ပွစိ (ကိုယ့်ပါးစပ်ကြီး ထဲက ပွစိ ပွစိ)၊ စူအောင့် စူအောင့် (စူအောင့် စူအောင့်)၊ ကဲ. . . "ကိုယ့်"ဆိုတာ ဒီကိုယ်ကြီးပေါ်မှာ ဝစီကံကြီးပေါ်မှာ ဖြစ်နေတာ မဟုတ်လား၊ ဝစီကံကြီး အဲဒါမရှိဘူး သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာလို့ ဆိုလိုက်လို့ရှိရင် အဲဒီဥစ္စာရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါက မဂ္ဂင် သမ္မာဝါစာက မဂ္ဂင်၊ စူအောင့် စူအောင့်က

www.burmeseclassic.com

www.burmeseclassic.com



ကံမဟုတ်ဘူးလား၊ ကံ ဆိုတော့ ဒုက္ခသစ္စာကြီး၊ ပျောက်မသွားဘူးလား သမ္မာဝါစာ ရောက်တဲ့နောက်၊ သမ္မာဝါစာလို့ ဆို-ဆိုပေး။

## 'ငါ့' အပေါ်မှာ မှီ၍ ဖြစ်ပေမဲ့ 'ငါ' လုပ်တာမှ မဟုတ်ဘဲ

စူအောင့် စူအောင့် လုပ်မနေနဲ့၊ အိမ်ထဲမှာ မယားဖို့ ထားတာလေး မရှိလဲ စူအောင့် စူအောင့် မလုပ်ဘူးလား၊ ယောက်ျားကိုရော မလုပ်ဘူးလား၊ ကလေးတွေရော မလုပ်ဘူးလား (လုပ်ပါတယ် ဘုရား)၊ အဲလို・・・စူအောင့် စူအောင့်၊ ဘယ်က စူအောင့် စူအောင့် လုပ်သတုံး ပါးစပ်ကြီးကလုပ်တာလား・・၊ **ငါ့အပေါ်မှာမှီ၍ ဖြစ်ပေမဲ့** (ငါ့အပေါ်မှီ၍ ဖြစ်ပေမဲ့)၊ **"ငါ"မှ မဟုတ်ဘဲ** ("ငါ"မှမဟုတ်ဘဲ)၊ အဝိဇ္ဇာပစ္စယာ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ)၊ အဲလို ဆိုမသွားနဲ့ ဆိုသွားရင် မသိဘဲနေလိမ့်မယ်၊ စူအောင့် စူအောင့်ဆိုတာ ဘာတုံး (သင်္ခါရပါဘုရား)၊ အကုသိုလ် မဟုတ်ဘူးလား၊ သင်္ခါရဆိုတာ ပုညာ ပုည သင်္ခါရဆိုတာ စာနဲ့ ဖြေးဖြေးလုပ်ရတယ်၊ ဒါမှ ကိုယ့်ဟာကိုယ်နဲ့စာနဲ့ အကိုက် အကိုက် အဲလို・・စာဆိုတာ "ကိုယ်" ကိုသင်ရတယ်၊ ဒို့ငယ်ငယ် တုန်းက ပါးစပ်နဲ့သင်လာတာ ဘာမှမသိဘူး တစ်ခါတည်း ပိဋကတ်သုံးပုံ ပါးစပ်နဲ့သင်လာတာ・・ ခုမှ ကိုယ့်ဟာကိုယ် သင်နေတာ ဟုတ်တယ်မို့လား ကိုယ့်ဟာကိုယ် တတ်ရတာ・・ စာက ဟိုစာအုပ်ထဲမှာ၊ သူရှိလို့လည်း ဒီပါးစပ်ထဲကလည်း တတ်တာပေါ့လေ၊ အဲဒါ ဂရုစိုက် သို့မဟုတ် ရင်မသိဘူး၊ ဒကာပြီး တို့ ကျုပ်ပြောမှသိတာ။

www.burmeseclassic.com

www.burmeseclassic.com



ငါပြောတယ်ပဲ သိနေတာ "ကိုယ့်ပါးစပ်ကြီးထဲက (ကိုယ့်ပါးစပ်ကြီးထဲက)၊ စူအောင့် စူအောင့်လုပ်တယ် (စူအောင့် စူအောင်လုပ်တယ်)၊ အဲဒါ ဝစီကံ အရင်တုန်းက လုပ်ခဲ့ပေမယ့် လုပ်မှန်းသိလား "ငါလုပ်တယ်ဆိုတာ" မောဟဖုံးလိုက်တာ၊ မောဟဖုံးလိုက်တော့ လုပ်လိုက်ပေတဲ့ မသိဘူး ပါးစပ်ကြီးထဲက၊ စူအောင့် စူအောင့် ဆိုပေတဲ့ ဒကာမကြီးက ထမင်းကလည်းချက်နေတယ်၊ ဟင်းကလည်းမွှေနေတယ်၊ ဟိုဟာထဲ့လိုက် ဒီဟာထဲ့လိုက် ပါးစပ်က စူအောင့် စူအောင့်ပဲ ပါးစပ်ကတော့၊ ယောက်ျားနဲ့မတည့်ဘူးလေး ・ ・ ・ပိုက်ဆံကမပေးနိုင်ဘူး တစ်နေ့တစ်နေ့၊ ခါတိုင်းကလည်း ရမလာဘူး၊ တစ်ခါတစ်လေလည်း ကုန်လာတာပေါ့၊ မပေးနိုင်တဲ့နေ့တော့ မပေးနိုင်ဘူး၊ ပြီးတော့လခစားဆိုတော့ တစ်ခါတစ်လေ ယူထားတာကကြာတော့ ကုန်ထားတာကပြောင်သွားတာပဲ၊ ယူစားတာကများနေတော့ မပေးနိုင်တော့ စူအောင့် စူအောင့် မဖြစ်ဘူးလား၊ စူအောင့် စူအောင့် ပွစိ ပွစိ ဘယ်ကဖြစ်သတုံး ပါးစပ်ကဖြစ်တာ အဲဒါ ဝစီကံ၊ ထမင်းကလည်းချက်လို့ ဟင်းအိုးလည်းမွှေလို့၊

ဟင်းရွက်တွေ ဟို"ဆိတ်"ဒီ"ဆိတ်"နဲ့လုပ်၊ ဟိုဟာကတ်ကြေးနဲ့ကိုက် ဒီဟာ ကတ်ကြေးနဲ့ကိုက်နဲ့ "ဒါ"နဲ့ ဟိုလှီးဒီလှီးနဲ့ လက်တောင်ထိသွားမှာ စိုးရသေးတယ် မဟုတ်ဘူးလား၊ ထိသွားတော့ ဒေါသထွက်မှာပေါ့၊ ကာယကံကနေ ဒေါသမဟုတ်ဘူးလား၊ ကာယကံနဲ့ ဒေါသ၊ ဒေါသနဲ့ ကာယကံ၊ လက်ထိသွားတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



## မဂ္ဂင်ဆိုတာ ကိုယ့်အိမ်မှာ လုပ်ရင်းကိုင်ရင်း သံသရာကထွက်နေတယ်

ဒါ . . . ကိုယ့်ဟာကိုယ် လုပ်ရင်းကိုင်ရင်း၊ ကာယကံ (ကာယကံ)၊ ဝစီကံ (ဝစီကံ)၊ မနောကံ (မနောကံ)၊ မနောကံထဲမှာ လောဘလည်းရှိတယ် ဒေါသလည်းရှိတယ် မိစ္ဆာဒိဋ္ဌိလည်း ရှိတယ်၊ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ (အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ)၊ အဲဒါ မနောကံထဲမှာ ဖြစ်နေတယ်။ မနောကံဖြစ်နေတော့ ကာယကံကလည်း ဒေါသ ထွက်နေတုန်း အလုပ်လုပ်တယ်၊ ကြက်သွန်လှီးတယ်၊ ယောက်ျားကို ဗျစ်တောက် ဗျစ်တောက်လုပ်တယ်၊ ဒီက အိပ်ရာကမထဘူး၊ အလုပ်သွားချိန်ကကျနေပြီ မဟုတ်ဘူးလား၊ ဘာမပြည့်စုံ ညာမပြည့်စုံနဲ့ ဒေါသတွေ မထွက်ဘူးလား၊ အဲဒါတွေ ဂရုစိုက်ရတယ် . . .၊ သမ္မာဝါစာဖြစ်ရဲ့လား (မဖြစ်ပါဘူးဘုရား)၊ မဖြစ်ရင် မဂ္ဂင်ဖြစ်သေးလား၊ **"မဂ္ဂင်" မဖြစ်တော့ . . . ကဲ . . . သံသရာက ထွက်သေးလား၊ "မဂ္ဂင်" ဆိုတာ ကိုယ့်အိမ်မှာ လုပ်ရင်းကိုင်ရင်း သံသရာက ထွက်နေတယ်** ဟုတ်ကဲ့လား၊ သမ္မာဝါစာ သမ္မာကမ္မန္တ အဲ . . . အဲဒါလေး နှစ်လုံးက အိမ်မှုကိစ္စတွေ ဗျစ်တောက် ဗျစ်တောက်ရှိသေးလား၊ မပြေလည်တာရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲလိုမရှိတော့ဘူး ဟုတ်ကဲ့လား၊ အဲဒါနဲ့ကိုပဲ ဟန်နေပြီ ဒါကြောင့် သမ္မာဝါစာ သမ္မာကမ္မန္တနဲ့ ပါးစပ်က ဆို-ဆိုပေး ဟုတ်ကဲ့လား၊ အဲဒါတွေ မဖြစ်အောင်၊ ဖြစ်နေစရှိတော့ မဖြစ်ချင်ဘူးလား ဖြစ်ချင်သလား၊ (ဖြစ်ချင်ပါတယ်ဘုရား)၊ ဖြစ်ချင်တာ ဘာသစ္စာတုံး (သမုဒယ သစ္စာပါဘုရား)၊ အဲ . . . အဲဒါထဲမှာ သမုဒယသစ္စာရှိတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တာမရှိဘူးဆို ဖြစ်တာရှိ သေးလား အဲဒါ နိရောဓသစ္စာဖြစ်သွားပြီ၊ အဲဒါ သိလိုက်ရဲ့လား၊ မသိလိုက်ဘူး မသိလိုက်တာက မောဟခေါ်တယ်၊ မသိလိုက်ရင် ဘာတုံး (မောဟပါဘုရား)၊ မောဟဖုံးတာ။

## မဂ္ဂင်တည်းဟူသော ဖောင်ဖြင့်...

"မှပဟပ္ပဋိယာသာ" ဆိုစမ်း (မှပဟပ္ပဋိယာသာ)၊ "ဒိကုလ္လောလဝိစိံ" (ဒိကုလ္လောလဝိစိံ)၊ သံသာရောဃံ (သံသာရောဃံ)၊ အဲဒါ သံသရာတည်းဟူသော ဩဃ...တဲ့ ဟုတ်ကဲ့လား ကိုယ်ဖြစ်နေ တာနော် ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ - အဲဒါ ဘယ်အကွက်မှာနေတုံး ဒုတိယအကွက်၊ ဘယ်အကွက်မှာနေတုံး သခီ်ရလေ (ဒုတိယအကွက်မှာပါဘုရား)၊ အဲဒါ သခီ်ရ ဒုတိယ အကွက်ဖြစ်နေတယ် ဒကာကြီးတို့မှာ၊ ဘာဖြစ်နေတုံး (ဒုတိယ အကွက် ဖြစ်နေပါတယ်ဘုရား)၊ ပထမအကွက်ကဘာတုံး (အဝိဇ္ဇာ ပါဘုရား)၊ အဲ... အဝိဇ္ဇာ "မှပဟပ္ပဋိယာသာ" (မှပဟပ္ပဋိယာသာ)၊ ဒိကုလ္လောလဝိစိံ (ဒိကုလ္လောလဝိစိံ)၊ သံသာရောဃံ (သံသာ ရောဃံ)၊ အဲဒါ နမက္ကာရ ဘုရားရှိခိုး၊ မဂ္ဂေါဠုမ္ပေန - မဂ္ဂင်တည်း ဟူသော ဖောင်ဖြင့် (မဂ္ဂေါဠုမ္ပေန - မဂ္ဂင်တည်းဟူသော ဖောင် ဖြင့်)၊ တရိ-ကူးမြောက်တော်မူပြီတဲ့ ဟုတ်ကဲ့လား၊ အဲဒါ နမက္ကာရ ဘုရားရှိခိုးထဲ ရှာကြည့်၊ ရေလမ်းသွားလို့ရှိရင် အပြစ်တွေ ဘာတွေ လွတ်တယ် ဟုတ်ကဲ့လား၊ အောက်က တံတားလမ်းကြောင်းပေါ်မှ ဘာလေးတွေ အစုန်အဆန်သင်္ဘောလမ်းတွေ အဲဒါလေးလိုမသွား

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ အကြမ်းတွေသာထွက်တာ၊ ဟို - - တောင်ပြော မြောက်ပြော-ပြော၊ ပြီးတော့ - - - ဇာတ်သမားတွေ - - - ဇာတ်သမားတွေဆိုတော့ ဟိုပြော-ဒီပြော-ပြော၊ တော်ကြာကျ သင်္ဘောကြီးက မှောက်သွားရော၊ အနိစ္စဒုက္ခရောက်တယ်၊ အလကားမနေနဲ့ သမ္မာဝါစာ သမ္မာကမ္မန္တလေး ဆို-ဆိုနေ၊ သမ္မာကမ္မန္တ နှာခေါင်းလေးလေးထွက်တာ ဝင်တာလေးကြည့်တာ သမ္မာကမ္မန္တပေါ့ မဟုတ်ဘူးလား၊ သမ္မာဝါစာ - - ပြီးတော့ သမ္မာဒိဋ္ဌိဆိုတာ ပဋိစ္စသမုပ္ပါဒ်ကလေး ဆင်ခြင်ပေးရတယ်၊ သမ္မာဒိဋ္ဌိဆိုတာဘာတုံး (ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်ပေးရပါတယ်ဘုရား)၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ သိနေပြီတဲ့ အဲလိုဆိုတော့ ခု - - - ဒကာကြီးရှိသေးလား - - - ။

## ဝဋ်တွေ လှည့်နေတာကို သံသရာခေါ်တယ်

အဲ - - - အဲဒါပဲ ကာယကံ ဝစီကံ မနောကံဖြစ်နေတယ် ဟုတ်ကဲ့လား ကာယကံ ဝစီကံ မနောကံ ဘယ်သူ့အပေါ်မှာ ဖြစ်နေတုံး၊ အဲဒီကံက ဒကာကြီးတို့အပေါ်မှာလည်နေတယ်တဲ့ သံသရာက ဟုတ်ကဲ့လား၊ သင်္ခါရတွေရောပေါ့၊ အဲဒီသင်္ခါရတွေကို ဒကာကြီးတို့က ရပ်လိုက်လို့ရှိရင်လည်း "ရပ်"နိုင်တယ်၊ "ဆူ"ချင်လို့ရှိရင်လည်း "ဆူ"တယ် ရိပ်မိလား အဝိဇ္ဇာပြီးရင် - - - (သင်္ခါရပါဘုရား)၊ သင်္ခါရပြီးရင် - - (ဝိညာဏ်နာမ်ရုပ်ပါဘုရား)၊ ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာထိအောင် ဖြစ်သွားပြီးတော့ ဒီက အဝိဇ္ဇာဆိုရင် နောက်တစ်ပါတ်က တဏှာ ဥပါဒါန်ဖြစ်သွားတယ်၊ ပြီးတော့ ကမ္မဘဝဖြစ်သွားတယ်၊ ဇာတိ ဇရာ မရဏ ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာ ပျက်တာတွေ ဖြစ်သွားတယ်၊ ဖြစ်တာပျက်တာတွေ ဖြစ်သွားပြီးတော့ နောက်တစ်ခါ ဝေဒနာလာပြီးတော့ ဖြစ်တာ ပျက်တာတွေကလည်း နောက်တစ်ခါ တဏှာဥပါဒါန်ဖြစ်တာ ပါဘဲ၊ အဲဒါ "သံသာရောဃံ" ဘာခေါ်တုံး (သံသာရောဃံပါဘုရား) ဥပမာ ပေးတာ ဩဃဆိုတာက မြစ်ပြင်ကျယ်ကြီးမဟုတ်လား၊ အထဲမှာ မိချောင်း တွေရော ငါးတွေရောရှိတယ်မဟုတ်လား (ရှိပါတယ်ဘုရား)၊ အေး...''သံသာရောဃံ''မှာ... အဲလိုလှည့် နေတယ် **အဲလိုလှည့်နေတာကို သံသရာခေါ်တယ်၊** လှည့်နေ တာ ဘာခေါ်တုံး...(သံသရာခေါ်ပါတယ်ဘုရား)၊ လှည့်နေတာ သံသရာနော်...ဝဋ်လို့ခေါ်တာပေါ့... ကိလေသာဝဋ် ဆိုစမ်း (ကိလေသာဝဋ်)၊ ကမ္မဝဋ် (ကမ္မဝဋ်)၊ ဝိပါကဝဋ်(ဝိပါကဝဋ်)၊ အဲ...ဝိပါကဝဋ် (ဝိပါကဝဋ်)၊ ကိလေသာဝဋ် (ကိလေသာဝဋ်)၊ ကမ္မဝဋ် (ကမ္မဝဋ်)၊ အဲဒီလို့ပဲ ဖြစ်နေတာပဲမဟုတ်လား အဲလိုဝဋ် တွေဖြစ်နေတယ်၊ **အဲလို ဝဋ်ဖြစ်တာကို သံသရာခေါ်တယ်။**

အဲဒီ သံသရာခေါ်တော့ ဒကာကြီးတို့က အလုပ်က ခုနတုန်းက ဗျစ်တောက်ဗျစ်တောက် ပြောတယ်ဆိုတာ ဒေါသ နော်..၊ ဗျစ်တောက် ဗျစ်တောက် ဆိုတာ ပိုက်ဆံကမရှိတော့ဘူး ရှာရတော့မှာပေါ့၊ ရှာရတော့မှာဆိုတော့ ကောင်းတာနဲ့ရှာတာ ရှာသပေါ့လေ... အလုပ်ရှိလို့ လခစားရှာတာကတော့ ရှာပေါ့ ဟုတ်တယ်မို့လား၊ အဲဒါတွေ မရှိဘူး ဆိုပြီး ရှာရင်တော့ မတရား တာရော တရားတာရော မပါဘူးလား ပါမှာလား၊ အဲဒါ ဂရုစိုက်ပေါ့

www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းကတော့ သူယူတာပါဘဲ. . ဟုတ်ကဲ့လား၊ အဲဒီကာယကံ ကယူတာ ဝစီကံကယူတာ ဒကာကြီးတို့မဟုတ်ဘူး၊ အဝိဇ္ဇာပစ္စယာ သင်္ခါရနော်၊ ဉပါဒါနပစ္စယာ (ကမ္မဘဝေါ)၊ အဲလို ခွဲ-ခွဲ၊ ခွဲရတယ်၊ အရင်တုန်းကမခွဲဘူး၊ ကံနဲ့ ငါနဲ့ အတူတူ မထင်ဘူးလား ထင်သလား (ထင်ပါတယ်ဘုရား)၊ အဲဒါ ဂရုစိုက်ပါ၊ "ကံ"နဲ့"ငါ"နဲ့ ဆိုစမ်း ("ကံ"နဲ့"ငါ"နဲ့)၊ အတူတူလား ကွဲရဲ့လား (မတူပါဘူးဘုရား)၊ ကွဲရဲ့လား (ကွဲပါတယ်ဘုရား)၊ အဲဒါမှ "ငါ မဟုတ်တာ"၊ သို့မဟုတ်ရင် "ကံ"နဲ့"ငါ"နဲ့ အတူတူဖြစ်နေတာ မဖြစ်ဘူးလား အခု တရားဟောတာလည်း"ငါ"နဲ့ "တရားဟောတာ"နဲ့ အတူတူ၊ ဒကာကြီးတို့ တရားနာလည်း "ငါ"နဲ့"နားထောင်တာနဲ့" အတူတူ၊ ဒီလိုဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)၊ အဝိဇ္ဇာပစ္စယာ (သင်္ခါရပါဘုရား)၊ အဲ. . . သင်္ခါရ၊ သင်္ခါရက "ကံ"နော်၊ ဟိုဟာက ဝိပါက်၊ ဝိညာဏ်နာမ်ရုပ်က ဘာတုံး (ဝိပါတ်ပါဘုရား)၊ ဝိပါက်က ဝေဒနာ ထိရောက်၊ ပြီးတော့ တဏှာဉပါဒါန်က ဘာတုံး (ကိလေသာဝဋ်ပါဘုရား)၊ ကိလေသာဝဋ်ပြီးတော့ တဏှာ ဉပါဒါန်က ဘာတုံး (ကိလေသာဝဋ်ပါဘုရား)၊ ကိလေသာဝဋ်ပြီးတော့ ကမ္မဘဝက . . . (ကမ္မဝဋ်ပါဘုရား)၊ နောက် ဇာတိ ဇရာ မရဏ . . (ဝိပါကဝဋ်ပါဘုရား)။

အဲလိုဝဋ်ဖြစ်တော့ကို . . . ဝစီဒုစရိုက် ကာယဒုစရိုက် ရိပ်မိတယ်မဟုတ်လား၊ သူ့ဟာလေး ခိုးတယ်ယူတယ်ပေါ့ မတရားပေါ့၊ ကြက်သား ဟင်းချက်တုံးလေးဆိုပေမဲ့ သတ်တယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား အဲလိုဟာမျိုးတွေပေါ့၊ သတ်တော့ကို . . .ကြက်ကလေး ဘာလေး သတ်တယ်၊ ဆန်ကလေး ဘာလေးခိုးလာတယ် ဆိုတော့ကို အဲဒါ ဘာကံတုံး (ကာယကံပါဘုရား)၊ "ဒုစရိုက်ကံ"ဖြစ်သွားတယ်နော် . . .၊ ဒီတော့ "ခိုး"စရှိတော့ ခိုးချင်ချင်ဖြစ်မနေဘူးလား၊ ရလွယ်တော့ ခိုးချင်တယ်၊ လွယ်တော့ သတ်ဖူးတော့ သတ်ချင်တယ်၊ သတ်ဖူးရင် ဘာဖြစ်သတုံး . .(သတ်ချင်ပါတယ်ဘုရား)၊ ကြက်ကလေး သတ်ရမှာဝန်မလေးဘူး၊ ကြက်ကလေး လည်လိမ်ပြီးတာ့ တောင်ပံကလေးလိမ်ပြီး လည်ကလေးလိမ်လိုက်ရင် လက်ကလေးနဲ့ . . .အဲဒါ ဘာလုပ်တာတုံး (ကာယကံပါဘုရား) ပါဏာတိ-ကာယကံဆိုတာဘာတုံး ဘာကဖြစ်သတုံး (ကိလေသဝဋ်က ဖြစ်တာပါဘုရား)၊ ကံလေ . . . ကံဆိုတာ သင်္ခါရမဟုတ်လား၊ တဏှာဥပါဒါန်ကြောင့် မဟုတ်လား၊ တဏှာဥပါဒါန်လို့ သိသေးလား၊ (မသိပါဘူးဘုရား)၊"ငါ"လို့သိပြီး "ငါ" ကြက်သတ်တယ်လို့ ဒီလိုသိတယ်၊ တဏှာဥပါဒါန်လို့ မသိတော့ဘူး၊ မသိတာဘာတုံး (အဝိဇ္ဇာပါဘုရား)၊ အဲလို ခိုးနေကျရှိတော့ ခိုးချင်တယ်၊ သတ်နေကျရှိတော့သတ်ချင်တယ်၊ ကြမ်းပိုးဖြစ်-ဖြစ် သတ်နေကျရှိတော့ သတ်ချင်တယ်၊ သတ်နေကျမဟုတ်တော့ ကောက်ပြီးလွှတ်တယ် ဟုတ်တယ်မို့လား၊ သတ်နေကျဆို ချေပစ်လိုက်တာပဲ မခဲယဉ်းဘူး အဲဒါ ဘာတွေတုံး (ကာယကံပါဘုရား)၊ ကာယကံက အပြစ်မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲ အပြစ်ဖြစ်သွားပြီ . . .၊ အဲဒီအပြစ်တွေနဲ့ချည်း သူ့မှန်နေဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ・・・သူနေတော့ ခိုးတော့-ခိုးတဲ့အပြစ်၊ သတ်တော့ သတ်တဲ့ အပြစ်၊ လိမ်တော့ လိမ်တဲ့အပြစ်၊ ဟုတ်တယ်မို့လား၊ ကာမေသု တော့ ကာမေသုတဲ့ အပြစ်၊ အပြစ်တွေရှိမနေဘူးလား အဲဒီ အပြစ်တွေက ခိုးတော့ကို ဆင်းရဲတဲ့ မွဲတဲ့ပြိတ္တာတွေ မဖြစ်ဘူးလား၊ ကံ-ကအကျိုးပေးတော့・・・၊ အဲလိုဟာတွေ ဖြစ်လာတာပေါ့၊ သတ်တော့လည်း အသက်တိုတဲ့ဟာတွေ မဖြစ်ဘူးလား၊ အဲလို ဟာတွေ လျှောက်ဖြစ်လာတယ်၊ အဲလိုလျှောက်ဖြစ်တော့・・ အဲလို စပ်တာတွေဟာ・・・ခိုးတော့ ခိုးတဲ့သူနော်・・ သတ်တော့ သတ်တဲ့သူနော်・・・လိမ်တော့ လိမ်တဲ့သူနော်・・ အလှူလှူတော့ လှူတဲ့သူနော် ဥပုသ်စောင့်တော့ ဥပုသ်စောင့်သူ နော်・・・၊

## တဏှာယောက်ျား လက်သမား

"သူ" အဲဒါတွေကို ဘယ်သူဖန်ဆင်းသတုံး (ကိလေသာ ပါဘုရား)၊ တဏှာ・・・တဏှာယောက်ျား လက်သမားတဲ့・・・ **ဂဟကာရ-ခန္ဓာအိမ်ကို ကြိမ်ကြိမ်ဖန်ဖန် ဆောက်လုပ် တတ်သော ဟဲ့・・・တဏှာယောက်ျားလက်သမား** ဆို တာ・・ခုနတုန်းက တိရစ္ဆာန်ဖြစ်လိုက် ပြိတ္တာဖြစ်လိုက် အကုသိုလ် လုပ်တော့လေ・・・ငရဲကျလိုက် တိရစ္ဆာန်ဖြစ်လိုက်နဲ့လေ・・・ တိရစ္ဆာန်ကောင် ပြိတ္တာကောင် အသူရကာယ်ကောင် ဒီလို အကောင်တွေဖြစ်-ဖြစ် မသွားဘူးလား၊ အဲဒါ အကောင်တွေ အဲဒါ・・・သံသရာ ဖြစ်တယ်လို့ခေါ်တယ် ရိပ်မိလား၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အကောင်တွေကို ဘယ်သူဖန်ဆင်းလိုက်သတုံး (တကာ့ပါဘုရား)၊ အဲဒါကို ဂဟာကာရ-တကာ့ယောက်ျား လက်သမားဆိုတာ အဲဒီကောင်ကို ခေါ်တယ်။ ခဏ ခဏ ဒကာကြီးတို့မှာ ဒုစရိုက်လုပ်ရင် ဒုစရိုက် ကောင်တွေဖြစ်တယ်၊ သုစရိုက်လုပ်ရင် သုစရိုက်ကောင်တွေ နတ်တွေ ဘာတွေ ဟုတ်ကဲ့လား၊ သုစရိုက်လုပ်ရင် သုစရိုက်ကောင်တွေဖြစ်တယ်၊ ဒုစရိုက်လုပ်ရင် ဒုစရိုက်ကောင်တွေ မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)၊ **လူတွေရော နတ်တွေရောဖြစ်တာကို ဘယ်သူဖန်ဆင်းတုံးဆိုတော့ . . (တကာ့ပါဘုရား)၊** အဲဒါရိပ်မိလား (ရိပ်မိပါတယ်ဘုရား)၊

**"အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။**
**ဂဟာကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံတဲ့။"**

"ဂဟာကာရ" အခု ဒကာကြီးတို့ စိတ်တစ်ခါ ဖြစ်ရင် ဘဝတစ်ခု နော်· · ဟုတ်ကဲ့လား၊ ဘဝကောင် တစ်ကောင် ခိုးရင်ခိုးတဲ့ကောင်၊ ခိုးတော့ကို ပြိတ္တာဖြစ်မှာပေါ့၊ လူဆင်းရဲဖြစ်မှာပေါ့ လူဖြစ်ရင်လည်း၊ မလှမပဆိုလည်း တစ္ဆေတွေ ဖြစ်မှာပေါ့၊ ပြိတ္တာကောင်တွေ ဖြစ်မှာပေါ့ · · · ကိုယ့်ဝမ်းထဲတင်ကို ဖြစ်နေတာနော် · · အဲဒါကိုပြောတာနော် အဲဒါကို ဂဟာကာရ-(ဂဟာကာရ)၊ အဲဒါကို အနက်ပေးလိုက်စမ်း၊ (ခန္ဓာအိမ်ကို ကြိမ်ကြိမ်ဖန်ဖန် ဆောက်လုပ်တတ်သော တကာ့ယောက်ျား လက်သမား)၊ အဲလို ခန္ဓာအိမ်ကို· · ·အခု· · ·ဘဝပစ္စယာဇာတိလို့ မရှိဘူးလား၊ အဲဒီ (ဇာတိဇရာ မရဏ)နဲ့ မရှိဘူးလား၊ အဲဒါ ဘာဝင့်တုံး (ဝိပါကဝင့်)၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါဖြစ်တာကို သတ္တဝါခေါ်တယ်၊ တစ်ဖြစ်ကို သတ္တဝါတစ်ခု၊ တစ်ဖြစ်ကိုသတ္တဝါတစ်ခု မဟုတ်လား၊ အဲဒါကို "ဂဟကာရ"လို့ ဆိုတယ် တဏှာကိုသွား-ဆိုတယ် ဟုတ်ကဲ့လား၊ အဲဒီဟာကို ရိပ်မိလား"အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။ ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခ ဇာတိ ပုနပ္ပုနံ" ဒုက္ခတွေ ခဏ ခဏဖြစ်နေတယ်၊ ကျုပ်တို့ အရင်တုန်းက ထင်တာကတော့ နောက်ဘဝကျမှ လူဖြစ်လိုက် ခွေးဖြစ်လိုက်. . သံသရာကြီးက ဒီလို လည်-လည်နေတယ်လို့ ဖြစ်တယ်ထင် နေတာ မထင်ဘူးလား ဒကာကြီးတို့ (ထင်နေခဲ့ပါတယ်ဘုရား)၊ တကယ်ပြောပါ တကယ်မဟုတ်ဘူးလား ဟုတ်သလား၊ (ဟုတ်ပါ တယ်ဘုရား)၊ အော်. . .နောက်ဘဝကျမှ ခွေးဖြစ်၊ နောက်ဘဝကျမှ ဝက်ဖြစ်မယ်၊ ဗြဟ္မာဖြစ်မယ် အဲလို. . .တစ်ဘဝတွေ တစ်ဘဝ တွေမှာ တစ်ခါတစ်ခါဖြစ်တယ် မဟုတ်လား၊ အဲလို. . .သံသရာရှည် တယ်လို့ မထင်ဘူးလား ထင်သလား၊ (ထင်ပါတယ်ဘုရား)၊ အခု ဒီလိုဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)၊ ကဲ. . .ဘယ် လောက်ကောင်းသတုံး၊ ကမ္မဘဝပစ္စယာဘာတုံး (ဇာတိပါဘုရား)၊ ဇာတိပြီးတော့ (ဇရာ မရဏပါဘုရား)၊ ခု-လက်သီးနဲ့ထိုးလိုက်ရင် ဒေါသ-ခွေးဖြစ် မသွားဘူးလား-ဟုတ်ကဲ့လား၊ စိတ်ထဲကကို ဒေါသထွက်တော့ ခွေးတွေ မြွေတွေ မဖြစ်ဘူးလား၊ မြွေကောင် ခွေးကောင် ဒေါသထွက်ရင်လေ. . . အခုပြောတာနော် ချက်ခြင်း ပြောတာနော် ကျုပ်တို့ အရင်တုန်းကတော့ တစ်ဘဝပြီးမှ ခွေးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လိုက် ဝက်ဖြစ် လိုက် တစ်ဘဝပြီးမှ လူဖြစ်လိုက် နတ်ဖြစ်လိုက် ဒီလို-ဒီလိုကြီးတွေ ဖြစ်နေတယ်လို့ ထင်နေတယ် ဟုတ်တယ်မို့ လား (မှန်ပါဘုရား)၊ ဒီလိုထင်တာ ဘုရားဟောတာမဟုတ်ဘူး・・ ဟိုးကတည်းက・・ ဒို့ပြင် ဗြဟ္မဏအယူတွေ ဟုတ်ကဲ့လား၊ အဲဒါတွေကတော့ တစ်ဘဝပြီးမှ တစ္ဆေဖြစ်တာကို၊ ခွေးဖြစ်တယ် ဝက်ဖြစ်တယ် ကျွတ်လွတ်တယ် မဖြစ်ဘူးလား၊ ရေစက်တွေ ဘာတွေချတယ်လေ・・・သူသေကောင်းတွေဘာတွေလေ・・・ အဲလို・・・သရဏံဂုဏ် တင်တာတွေပေါ့လေ၊ အဲလိုဟာတွေ・・ အခု ပဋိစ္စသမုပ္ပါဒ်နဲ့က အဲလိုဟာတွေ မဟုတ်ဘူးလား ဟုတ်သ လား၊ (မဟုတ်ပါဘူးဘုရား)၊

အခု ကမ္ဘဘဝပြီးတော့ ဘာတုံး (ဇာတိ ဇရာ မရဏပါ ဘုရား)၊ ဇာတိ ဇရာ မရဏပြီးတော့ ဘာတုံး သောက ပရိဒေဝ၊ အဲဒါတွေ အာသဝေါ ဖြစ်တာပဲ၊ သောက ပရိဒေဝတွေ၊ အခုတော့ "ဇာတိ ဇရာ မရဏ"က "သောက ပရိဒေဝ"ဖြစ်စရာ လိုသေး လား (မလိုတော့ပါဘူးဘုရား)၊ ဉာဏ်ဖြစ်သွားပြီး ရိပ်မိလား၊ ဒကာကြီးတို့ရိပ်မိလား・・・(ရိပ်မိပါတယ်ဘုရား)၊ လူပြီးတော့ကျ မှ・・・ခု・・・လူ့ဘဝကျမှ မကောင်းတာလုပ်ခါကျမှပဲ နောက်ဘဝ ငရဲကျတာပဲ၊ နောက်ဘဝ ငရဲက လွတ်ပြန်တော့လဲ ခွေးဖြစ်ပြန် တယ် ဘာဖြစ်ပြန်တယ် ဒီလို စာထဲမပါဘူးလား (ပါပါတယ် ဘုရား)၊ အဲသလိုအတိုင်း မမှတ်ဘူးလား မှတ်သလား၊ (မှတ်ပါ တယ်ဘုရား)၊ အဲဒီဟာက ဟို・・・အယူပဲ၊ ဒီတော့ နောက်ခါလာ

www.burmeseclassic.com

www.burmeseclassic.com



နောင်ခါစျေးဆိုပြီးတော့ တစ်ချို့က မကြောက်ဘူး မဟုတ်ဘူးလား (မှန်ပါဘုရား)၊ ဉာဏ်ရောပါသလား၊ အခုဟာကတော့ ကမ္မဘဝ ပစ္စယာ (ဇာတိပါ ဘုရား)၊ အဲ့ ဒီထဲ ဝမ်းထဲတင်မှာ...ဒေါသ ဖြစ်လိုက်ရင် ခွေးဖြစ်ပြီ၊ ရိပ်မိပလား . . . ခွေးမကြီးဖြစ်သွားပြီ ဒေါသဖြစ်ရင် မကိုက်ဘူးလား၊ လူဆိုရင်လည်း ကိုက်တယ် ခွေးရူး ပြန်ရင် မကိုက်ဘူးလား...အဲလိုဟာမျိုး၊ ခွေးရူးပြန်တယ်ဆိုတာ လူအစစ် ဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)၊ ဒေါသဝင်လို့ ကိုက် တာပေါ့ အဲလိုဟာနော်..၊ ဒီတော့ ဒကာကြီး..အဲလိုဖြစ်-ဖြစ် နေတော့ မငြီးငွေ့မှာလား (ငြီးငွေ့ပါတယ်ဘုရား)၊

အဲဒါမှ "ဂဟာကာရံ ဂဝေသန္တော၊ ဒုက္ခ ဇာတိ ပုနပ္ပုနံ၊" ဆိုတာ အဲဒီဟာခေါ်တယ်၊ **"ဂဟာကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ"။ သင့်ကို ခန္ဓာအိမ်ကိုဆောက်လုပ်တတ်သော တဏှာကို နိုင်ပြီတဲ့ . .နောက်မလုပ်ရတော့ဘူးတဲ့ . .ဆို တော့. . . သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ သမ္မာဝါစာဖြစ်တော့ကို တဏှာဖြစ်သေးလား** (မဖြစ်ပါဘူးဘုရား)၊ တဏှာမဖြစ်တော့ ကံဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ ကံမဖြစ်တော့ ဇာတိ ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ အဲဒီဟာကို မြင်တာ၊ အခု ရိပ်မိလိုက်သလား..ကျုပ်ပြောတာတွေ.. သဘောတော့ကျရဲ့လား (ကျပါတယ်ဘုရား)၊ ဟိုသံသရာနဲ့ ဒီသံသရာတူရဲ့ လား၊(မတူပါဘူး ဘုရား)၊ ဒီသံသရာ ဒီလိုဖြစ်နေရင် ဟိုသံသရာ လည်း ဖြစ်မှာပဲ၊ ဒီသံသရာ ဒီလိုမဖြစ်ရင် ဟို သံသရာရော ဖြစ်အုံးမှာလား၊ (မဖြစ်တော့ပါဘူးဘုရား) အဲ.. အဲလို ဉာဏ်က အဲလိုပြောတာ..

www.burmeseclassic.com

www.burmeseclassic.com



အဲလို ဆင်ခြင်ပေး . . . ဟုတ်ကဲ့လား၊ (မှန်ပါ့ဘုရား)၊
ဂဟကာရံ ဆိုစမ်း (ဂဟကာရံ)၊
ခန္ဓာအိမ်ကို ကြိမ်ကြိမ်ဖန်ဖန် ဆောက်လုပ်တတ်သော
(ခန္ဓာအိမ် ကို ကြိမ်ကြိမ်ဖန်ဖန် ဆောက်လုပ်တတ်သော)၊
တဏှာ ယောက်ျားလက်သမား (တဏှာ ယောက်ျားလက်သမား)၊
တံ - သင့်ကို (တံ-သင့်ကို)၊ ဂဝေသန္တော (ဂဝေ သန္တော)၊
ရှာမှီး၍နေသော ငါသည် (ရှာမှီး၍နေသော ငါသည်)၊
ဒုက္ခ ဇာတိ (ဒုက္ခ ဇာတိ)၊
ဇာတိ ဒုက္ခတွေသည် (ဇာတိ ဒုက္ခတွေသည်)၊
ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ် (ပုနပ္ပုနံ-အဖန်ဖန် အထပ်ထပ်)၊
သန္ဓာဝိဿံ (သန္ဓာဝိဿံ)၊ ဆုံလည်သောန္တွား ရဟတ်ချားကဲ့သို့ (ဆုံလည်သောန္တွားရဟတ်ချားကဲ့သို့)၊ မရပ်မနား ပြေးသွားခဲ့ကြရ လေပြီ (မရပ်မနားပြေးသွားခဲ့ကြရလေပြီ)၊အဲသလိုမျိုးဖြစ်တာ . . အခု တဏှာကို မြင်တယ် မဟုတ်လား။

အခု ဒေါသကိုလည်း အခု ခွေး၊ အခု ဝက်၊ အခု ကြက်၊ အခု ကုသိုလ်လုပ်တယ်နော် အခု နတ်၊ အခု လူ၊ အခု သမာဓိလုပ်တယ်နော် အခုဗြဟ္မာဟုတ်ကဲ့လား ဟိုဘဝတွေ ဟိုဘဝတွေက အခုဟာကိုမြင်သဖြင့် ဟိုဘဝတွေကိုလည်း မမြင်နိုင်ဘူးလား (မြင်နိုင်ပါတယ်ဘုရား)၊ အဲလို . . .မြင်လို့ ဘုရားဖြစ်တာ၊ ဒကာမကြီးတို့လည်း အဲလိုမြင်ရင် ပထမတန်း ဖြစ်တယ်။ အခု "ဂဟကာရံ" ရိပ်မိလား (ရိပ်မိပါပြီဘုရား)၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတုံး ဂဟကာရံ (တဏှာပါဘုရား)၊ အဲဒီ တဏှာက ဘယ်သူ့ကိုလုပ်သတုံး (ခန္ဓာအိမ်ပါဘုရား)၊ အခု "ကံ" အခု "ကံ"၊ အခု အခု ကမ္မဘဝ မလုပ်ဘူးလား၊ အခု ကမ္မဘဝပြီးတော့ ဘာဖြစ်တုံး (ဇာတိပါဘုရား)၊ အဲ··အဲဒါ ဖြစ်တာပဲ၊ နောက်တစ်ခါ ကံ က "နင့်အမေ" "ဘာမ" "ညာမ"နဲ့ ဆူမနေဘူးလား၊ အဲဒါ တစ်ခါဆူ တစ်ခါခွေး ဆိုစမ်း (တစ်ခါဆူ တစ်ခါခွေး)၊ အဲသလို ဒကာကြီးတို့ ထင်သေး သိသေးလား၊ ဒီက ဇာတိ ဇရာ မရဏ ဖြစ်နေပြီလေ၊ တစ်ခါဆူ တစ်ခါ စူအောင့် စူအောင့်လုပ်ရင်လည်း ဘာတုံး (ခွေးပါဘုရား)၊ အဲ · · · ရယ်စရာမကောင်းဘူးလား သိတဲ့အခါကျတော့ · · · (ကောင်းပါတယ်ဘုရား)၊ ဒကာကြီးတို့ ဆူတဲ့လူကတော့ မသိဘူးနော်···၊ ကျုပ်တို့ ဟောတဲ့သူတောင်မှ တော်တော် ဟဝိုပြုနေရတယ် မဟုတ်ဘူးလား၊

## ပစ္စုပ္ပန်ကမ္မဘဝဆိုတာ . . .

အဲဒီ တဏှာက ဖြစ်အုံးမလား (မဖြစ်တော့ပါဘူးဘုရား)၊ "ဂဟကာရံ ဂဝေသန္တော ဒုက္ခ ဇာတိ" ဒါတွေသိနေတော့ ခဏ ခဏ ဖြစ်နေပြီဆိုတာ သိပလား···၊ ငိုချင်တယ်ဆိုတာ ဟင့် ဟင့် ဇာတိ ခဏ ခဏ ဖြစ်တယ်၊ ဇာတိ ခဏ ခဏ သေတယ်၊ အရှုးဘဝ···လူကောင်းကလည်း နတ်ပေါ့လေ··· နတ်ကောင်း၊ သူဌေးမကလည်း ဇာတိ ခဏ ခဏ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ် ဘုရား)၊ ဘာကြောင့်ဖြစ်သလဲ ကံကြောင့် ဒီကံ က ဘာကြောင့် ဖြစ်သလဲ (ကိလေသာကြောင့်ပါဘုရား)၊ အဲ · · ·ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com



တဏှာ···တဏှာ ဥပါဒါန် ကံ ဟုတ်တယ်မို့လား ဇာတိ ဇရာ မရဏ အခု အခုနော်···ဟို··· သေပြီးတဲ့ နောက်ဘဝတွေ ကို မယူဘူး ဟုတ်ကဲ့လား၊ "ပစ္စုပ္ပန်ကမ္မဘဝ"ဆိုတာ အဲဒီ ဟာခေါ်တယ်။ ပစ္စုပ္ပန်ဘာတုံး · · · (ကမ္မဘဝပါဘုရား)၊ ဆိုကြည့်စမ်းပါ··· (ပစ္စုပ္ပန်ကမ္မဘဝ)၊ အခု"ကံ"ပဲ မဟုတ်လား၊ တဏှာ အခု ဖြစ်တယ်မဟုတ်လား၊ နင့် အမေ ဘာမ ညာမ ဘာမလုပ်ဘူး ညာမလုပ်ဘူးနဲ့ အိမ်လည်နေတယ် ဒီကဖြင့် ဘာလုပ်လိုက်ရတာ ညာလုပ်လိုက်ရတာနဲ့ မဆူဘူးလား ဒကာကြီး တွေ (ဆူပါတယ်ဘုရား)၊ အဲ···ဆူရင် ဘာဖြစ်သတုံး (ခွေး ဖြစ်ပါတယ်ဘုရား)၊ ဒေါသဖြစ်တော့ အကုသိုလ်ဖြစ်တော့ ငရဲ ပေါ့···၊ ငရဲ ပြီးတော့ တိရစ္ဆာန်ပေါ့၊ ပြီးတော့ အသူရကာယ် တို့ ပြိတ္တာတို့ မဖြစ်ဘူးလား···(ဖြစ်ပါတယ်ဘုရား)၊

အဲဒါ ပါးစပ်ထဲတင် မဖြစ်ဘူးလား ဖြစ်နေသလား (ဖြစ်နေပါတယ်ဘုရား)၊ ပါးစပ်ထဲက ဘာကံတုံး (ဝစီကံပါဘုရား)၊ အဲဒီ ဝစီကံက ဘာကြောင့်ဖြစ်သတုံး (ကိလေသာကြောင့်ပါ ဘုရား)၊ အာ···တဏှာ တဏှာ ဂဟာကာရံ ဂဝေသန္တော (ဂဟာကာရံ ဂဝေသန္တော)၊ ဒုက္ခ ဇာတိ ပုနပ္ပုနံ (ဒုက္ခ ဇာတိ ပုနပ္ပုနံ)၊ အနက်ပေးလိုက်စမ်း · · ·(ဂဟာကာရံ-ခန္ဓာအိမ်ကို ကြိမ်ကြိမ်ဖန်ဖန် ဆောက်လုပ်တတ်သော တဏှာ ယောက်ျား လက်သမား)၊ "ကို"လို့ထဲ့လိုက်၊ တဏှာယောက်ျား လက်သမားကို (တဏှာယောက်ျားလက်သမားကို)၊ ဂဝေသန္တော (ဂဝေသန္တော)၊

www.burmeseclassic.com

www.burmeseclassic.com



ရှာမှီး၍နေသော ငါသည် (ရှာမှီး၍နေသော ငါသည်)၊ ပုနပ္ပုနံ - အဖန်ဖန်အထပ်ထပ် (ပုနပ္ပုနံ - အဖန်ဖန် အထပ်ထပ်)၊ ဇာတိ ဒုက္ခံ (ဇာတိ ဒုက္ခံ)၊ ဇာတိတည်းဟူသော ဒုက္ခကို (ဇာတိတည်းဟူသော ဒုက္ခကို)၊ သန္ဓာဝိဿံ (သန္ဓာ ဝိဿံ၊ ဆုံလည်သောန္ဒား ရဟတ်ချားသို့ (ဆုံလည်သောန္ဒား ရဟတ်ချားသို့)၊ အဲလို မရပ်မနားတဲ့ ခု-ဒကာကြီးတို့ အဲလို.. အခု ဘာလုပ်နေလဲ . . . ဒကာကြီးတို့ ပြေးနေတယ် . . . ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲဒီဟာတွေ ပါးစပ်ထဲမှာ မရှိတော့ဘူး အဲဒါတွေက ဘယ်သူ့မှီဖြစ်လည်းဆိုတော့ "ငါ့"မှီဖြစ်နေတယ် ဟုတ်ကဲ့လား၊ ဒါပေမယ့် "ငါ" ဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)၊ လူ-လူဟုတ်ကဲ့လား၊ ပြီးတော့ သံသရာဆိုတာလေ ဟို . . . အတိတ်က "ငါ"ဘယ်က ဘာဖြစ်ခဲ့ပြီ ညာဖြစ်ခဲ့ပြီဆိုရင် ဝိစိကိစ္ဆာ မဖြစ်ဘူးလား ဖြစ်သလား။ ဖြစ်ခဲ့သလားတို့ မဖြစ်ဘူးလားတို့ အဲလိုမဖြစ်ဘူးလား၊ အခုတော့ အဲဒီဝိစိကိစ္ဆာဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ အေး အဲဒီဟာကို အဲလိုခေါ်တာ "ဂဟကာရံ ဂဝေသန္တော"၊ "ဂဟကာရက ဒိဋ္ဌောသိ"တဲ့၊ ဂဟကာရံ (ဂဟကာရံ)၊

ခန္ဓာအိမ်ကို ကြိမ်ကြိမ်ဖန်ဖန် (ခန္ဓာအိမ်ကို ကြိမ်ကြိမ်ဖန်ဖန်)၊ ဆောက်လုပ်တတ်သော တဏှာယောက်ျားလက်သမားကို (ဆောက်လုပ်တတ်သော တဏှာ ယောက်ျား လက်သမားကို)၊

www.burmeseclassic.com

www.burmeseclassic.com



ဒိဗ္ဗော-မြင်အပ်သည် (ဒိဗ္ဗော - မြင်အပ်သည်)၊ အသိ-ဖြစ်၏ (အသိ-ဖြစ်၏)၊ မြင်ပြီတဲ့ . . .

ဒကာကြီးတို့ဝမ်းထဲမှာ . . . ဒကာကြီးတို့ ဝမ်းထဲမှာနော် အဝိဇ္ဇာနေရာ ဘာတုံး . . . တဏှာ ဥပါဒါန်၊ အဝိဇ္ဇာနေရာ ဘာတုံး (တဏှာ ဥပါဒါန်ပါဘုရား)၊ သင်္ခါရနေရာဘာတုံး . . . (ကမ္မဘဝပါဘုရား)၊ ကမ္မဘဝပြီးတော့ ဘာတုံး (ဇာတိ ဇရာ မရဏပါဘုရား)၊ ဒကာကြီးတို့ ဝမ်းထဲမှာ ခွေးတွေ ဝက်တွေ ရော ငရဲတွေရော သံသရာတွေရော ဘာတွေရော အရင်တုန်းက အဲလိုလှည့်နေတာ ဟုတ်ကဲ့လား၊ လူ့ပေါ်မှာနေပြီးတော့ . . လူက လည်တာမဟုတ်ဘူးတဲ့ . . . လူ့ပေါ်မှာလျှောက်ပြီး လည်နေတဲ့ သံသရာကောင် ဟုတ်ကဲ့လား၊ အခု အဲဒီကြီးကို အဲလို မြင်တော့ ကို . . . မြင်နေပြီနော် . . .၊ အဲဒီတော့ ဒကာမကြီး ဆဲဦးမလား ပြောပါဦး (မဆဲတော့ပါဘူးဘုရား)၊ အေး . . . အဲလိုကို ဖြစ်သွား တယ် . . .၊ "ဂဟကာရက ဒိဗ္ဗောသိ" (ဂဟကာရက ဒိဗ္ဗောသိ)၊ အဲဒါမြင်ပြီတဲ့ . .၊ ဒကာမကြီးတို့ရော မြင်ပြီလား . . မြင်ပါပြီ ဒကာမကြီးတို့ ဆဲချင်ရင် ဘာရှိလို့ ဆဲချင်တာတုံး (တဏှာရှိလို့ပါ ဘုရား)၊ အင်း . . . သူတကာ့ ကလေးတွေ ရိုက်ချင်တယ် ဘာပြုလို့ရိုက်တာတုံး (တဏှာရှိလို့ပါဘုရား)။

ကဲ . . . အဲဒါက မကောင်းတာကိုပြောတာနော် . . .၊ ပုညကျတော့လဲ . . . အဲဒီ ကောင်းမှုနော်၊ ကောင်းမှုဘယ်ဟာတုံး ဆိုတော့ ဒိဝ "ဝ" က ဗလချိုက် "ဗ" ကလာတယ် ဟုတ်ကဲ့လား၊

www.burmeseclassic.com

www.burmeseclassic.com



ဝကို "ဗ"လုပ်ရတယ်။ သဒ္ဒါနည်း သဒ္ဒါနည်း နိရုတ္တိနည်း ခေါ်တာပေါ့၊ ဒိဝ ဓာတ်ကတော့ ဒိဗ္ဗဆိုတာ နတ် ဒိဝဓာတ် "ကီဠာယံလို့" ဓာတ်နဲ့ကျတော့ မြူးတူးပျော်ပါးကစားခြင်း၌တဲ့၊ ခု- လူချမ်းသာတို့ကျတော့ အဝှါတို့ ဘောပွဲကန်တာတို့ပေါ့လေ အစုံပဲ ကစားတာတွေ မရှိဘူးလား၊ ပျော်မနေဘူးလား . . .၊ အဲဒါပျော်နေရင် ဘာဖြစ်တုံး. . .၊ အဲဒီနတ်တွေကလည်း ကုသိုလ်ကံ တွေ ကာမကုသိုလ် အဲဒါ ဒုက္ခ ဇာတိ ဘာတုံး (ပုနပ္ပုန်ပါဘုရား)၊ အဲ . . . ဒုက္ခ ဇာတိ ပုနပ္ပုန်၊ ဒီက ဇာတိ ဇရာ မရဏ မဟုတ်လား သောက ပရိဒေဝ သူတို့သောကရှိလား (မရှိပါဘူး ဘုရား)၊ ဒကာကြီးတို့ ပိုက်ဆံမရှိတဲ့ သူကျတော့ သောကရှိတယ်၊ နတ်တွေကျ သောကမရှိဘူး၊ ဒါပေမဲ့ အချိန်ကျရင်တော့ ကုန်သွားတာကိုး ကုသိုလ်က၊ အပျော်တွေ ကုန်သွားရင် ဘယ် ရောက်သွားတုံး (အပါယ်ရောက်တတ်ပါတယ်ဘုရား)။

အဲဒီလို အဲဒီလို . . .၊ ဟိုလို "အဖြစ်"ပြောတာ မဟုတ်ဘူးနော် ဒီလို "အဖြစ်"ပြောတာနော်. . .၊ ဒီ"အဖြစ်" မြင်ပြီ လား (မြင်ပါပြီဘုရား)၊ အဲဒီ ဒီ"အဖြစ်"ကို ကြည့်ရတယ်၊ **ဥပပတ္တိ ဘဝရဲ့ ဇာတိ ဇရာ မရဏကို ကြည့်၊ ဇာတိ ဇရာ မရဏ မပေါ်တော့ဘူး၊ အဲဒီဟာ နိဗ္ဗာန်ပဲ၊ "အဇာတိ မဇရာ ဗျာဓိ"**တဲ့ ဘာတုံး (အဇာတိ မဇရာ ဗျာဓိပါဘုရား)၊ ဇာတိ မပေါ်လာ တော့ဘူး ဝမ်းထဲမှာ ပါးစပ်ထဲမှာ ကိုယ့်ဟာကိုယ်သိတယ် ဒါ သန္ဒိဋ္ဌိက ကိုယ့်ဟာကိုယ် မဖြစ်တာ မသိဘူးလား၊ အခု ဓာတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသလား (မဖြစ်ပါဘူးဘုရား)၊ တဏှာမဖြစ်ဘဲနဲ့ ဟိုဟာဖြစ်မလား ဆဲတာဖြစ်မလား (မဖြစ်ပါဘူးဘုရား)၊ ဟော . . . အိမ်ရောက်တော့ တဏှာဖြစ်ပြီး ဆဲတာဖြစ်သွားတယ်၊ ဒီမှာတော့ တဏှာမဖြစ်ဘူး ဆဲတာမဖြစ်ဘူး အဲလို သံသရာကို သိပြီလား၊ အဲဒီ သံသရာ . . . အဲဒီ သံသရာ လည်နေတာ အဲဒါ ပစ္စုပ္ပန်ကံဆိုတာ သိပြီလား၊ ပစ္စုပ္ပန်ကံ ဟုတ်ပြီလား၊ ဟိုဟာတွေက အတိတ်က ကံတွေဟုတ်ကဲ့လား၊ ဒါကြောင့် ခု-လူဖြစ်တယ်ဆိုတော့ ကိုယ်သိသလား (မသိပါဘူးဘုရား)၊ အဲဒါ စိတ္တဇခေါ်တယ်၊ ကိုယ်မသိဘဲနဲ့ သူတကာပြောလို့ ကြားလို့သိတာ ဟုတ်ကဲ့လား အခုဟာကတော့ ကိုယ်ဆဲလို့ရှိရင် ဘာကြောင့်ဆဲသတုံး (တဏှာကြောင့်ပါဘုရား)၊ အဲ . . . တဏှာကြောင့်ဆဲတယ်၊ သဘောကျလို့ရှိရင်လည်း တဏှာကြောင့် ကြိုက်တယ်မဟုတ်ဘူးလား၊ ဘာမသိ ညာမသိ အမှတ်တမဲ့လည်း မလုပ်ဘူးလား(လုပ်ပါတယ်ဘုရား)၊ အဲဒါ မောဟကြောင့်လုပ်တယ် . . . အဲလိုတွေ ဆင်ခြင်ပေးနော်။

ဒို့အရင်တုန်းက ဘယ် . . . နောင်ခါလာ နောင်ခါဈေးဟုတ်ကဲ့လား နောင်ဘဝ ဘာဖြစ်မယ်မှန်းမှ မသိဘဲနဲ့ ဘာရဲ့ညာရဲ့နဲ့ အဲလို လုပ်တာတွေ၊ မဟုတ်ဘူးလား ဟုတ်သလား၊ အခု အဲဒီဘဝမပြောင်းဘူးလား ပြောင်းသလား (ပြောင်းပါတယ်ဘုရား)၊ "ပစ္စုပ္ပန်ကမ္မဘဝ" ဖြစ်သွားတယ်၊ ဘာဖြစ်သွားတုံး (ပစ္စုပ္ပန်ကမ္မဘဝဖြစ်သွားပါတယ်ဘုရား)၊ ဟိုအတိတ်က ဟာတွေ

www.burmeseclassic.com

www.burmeseclassic.com



ယူသေးလား (မယူတော့ပါဘူးဘုရား)၊ မယူတော့ ဝိစိကိစ္ဆာတွေ ဘာတွေဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ အေး အေး အဲလို မှတ်ထား ဉာဏ်က အဲလိုဉာဏ်နော် ဟုတ်ကဲ့လား၊ ဒီတော့. . ခု တဏှာတို့ ဘာတို့ ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ ဒီဥစ္စာ မြင်ပြီတဲ့ "ပုနဂေဟံ န ကာဟသိ" တဲ့ နောင်တစ်ဖန် ဒီလို ခန္ဓာအိမ်ကို ဆောက်ရလိမ့်မယ် မဟုတ်တော့ဘူးတဲ့။ ဒကာကြီးတို့ ဒေါသဖြစ်ရင် ခွေးခန္ဓာအိမ်ဆောက်မှာ. . .၊ ငရဲ ခန္ဓာအိမ်ဆောက်မှာ ဟုတ်ကဲ့လား၊ ပြိတ္တာခန္ဓာအိမ်ဆောက်မှာ ဒီနားတင် ပစ္စုပ္ပန်တင်ယူနော် (မှန်ပါဘုရား)၊ ဒီထဲမှာ အပုညာဘိသင်္ခါရ မပါဘူးလား၊ ပုညာဘိသင်္ခါရလည်း မပါဘူးလား အာနေဉ္စာဘိသင်္ခါရလည်း မပါဘူးလား (ပါပါတယ်ဘုရား)၊ ဒီ အဝိဇ္ဇာကြောင့် နတ်တွေ ဗြဟ္မာတွေလည်း အခု ဝမ်းထဲတင် မဖြစ်ဘူးလား၊ ခုတင် ဖြစ်တာယူနော် နောက်ဘဝ ဖြစ်တာကို မယူရဘူး ဟုတ်တယ်မို့လား၊ ဟိုဟာက ဘုရားဟောတာ မဟုတ်ဘူး၊ ဗြဟ္မာတွေ သူတို့အယူနဲ့ သူတို့ ဟောတာ အခုဟာက "ပစ္စုပ္ပန် ကမ္မဘဝ" တဲ့ အဲလို. . .ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

## ပစ္စုပ္ပန်ကမ္မဘဝနဲ့ အတိတ်ကမ္မဘဝ

ပဋိစ္စသမုပ္ပါဒ်ကလည်း ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်ပဲ၊ ဟိုဟာ တွေမဟုတ်ဘူး. . .၊ စာထဲတော့ ပါတော့ပါတယ် ဘာညာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေါ့...၊ ဒါပေမယ့် အယူက အဲလိုယူနေတယ် ဟိန္ဒူအယူလို ဖြစ်နေတယ်မဟုတ်ဘူးလား၊ အခုဟာကတော့ ဗုဒ္ဓဘာသာ အစစ် အမှန်အယူဖြစ်နေတယ်၊ အဲလိုလည်း ဆင်ခြင်ပေး၊ ဆင်ခြင်တတ် ပြီလား (ဆင်ခြင်တတ်ပါပြီဘုရား)၊ ပစ္စုပ္ပန်ကမ္မဘဝကိုလေ...၊ ဟိုဟာက အတိတ်ကမ္မဘဝ၊ ကိုယ်သိသလား (မသိပါဘူးဘုရား)၊ မသိဘဲနဲ့ယူတာ ဘာတုံး(စိတ္တဇပါဘုရား)၊ **ဒိဋ္ဌေ ဒိဋ္ဌ မတ္တဆိုတာ အယူ၊ အဲဒါက သေဝိတဗ္ဗတရားတွေတဲ့ မှီဝဲအပ်တဲ့ တရား တွေ** တဲ့၊ ပစ္စုပ္ပန်က ဟိုဟာက အသေဝိတဗ္ဗတရား ဟုတ်ကဲ့ လား၊ ဒါက မဂ္ဂင်ရှစ်ပါးနဲ့ သွားတာ၊ အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါ ဘုရား) အဲဒါလေး ဆို-ဆိုပေးရင်လည်း ဒကာမကြီးတို့လည်း ဉာဏ်မှီတယ်...၊ ပစ္စုပ္ပန်ကံဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီဘုရား) အခု စိတ်ဆိုးရင် အခုကံနော်...ခုဖြစ်သနော်၊ အခု ရာဂ ဖြစ်လို့ရှိရင် ပြိတ္တာဖြစ်တာပဲ၊ အခု ဒါတွေ လှူတယ်တန်းတယ်ဆို ရင်လည်း နတ်တွေဘာတွေဖြစ်တာပဲ၊ နတ်ဖြစ်တော့ ဒကာမကြီး တို့ တောက်တောက်ပြောင်ပြောင် မနေရဘူးလား၊ အဝတ်တွေ အစားတွေ လှူတယ်တန်းတယ်ဆိုတော့ ဥပုသ်စောင့်တယ်ဆိုတာ တောင်မှ အဝတ်ကလေးမရှိရင် လျှော်ဖွပ်ပြီး ကျကျနန သပ်သပ် ရပ်ရပ်လုပ်ပြီးမှ သွားစောင့်တယ် မဟုတ်လား၊ အဲလိုတောက်တောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်ပြောင် ဖြစ်တယ်၊ ကုသိုလ် ကုသိုလ်ကံအကျိုးပေး၊ အကုသိုလ်ကံကတော့ ညစ်ညစ်နွမ်းနွမ်း . . . မဟုတ်ဘူးလား၊ အခု ထန်းရည်သောက်ကြည့်လိုက်ပါလား အဝတ်အစားတွေ ကပ်အုံးမလား (မကပ်တော့ပါဘူးဘုရား)၊ အဲလိုဟာမျိုးတွေ ဖြစ်သွားတယ် ဒါကြောင့် ပစ္စုပ္ပန်ကံကို . . . "ပစ္စုပ္ပန်ကမ္မဘဝ" ဟုတ်ကဲ့လား၊ အဲဒါလေး နှလုံးသွင်းပေးလိုက်ရင် ဟိုဟာတွေ ပျောက်မကုန်ဘူးလား ငြိမ်းမသွားဘူးလား (ငြိမ်းသွားပါတယ်ဘုရား)၊ အဲ . . . အဲ . . . အဲဒါအတိုင်း ပစ္စုပ္ပန်ကမ္မဘဝ၊ အခုတင် ကံဖြစ်ကဲ့လား (မဖြစ်ပါဘူးဘုရား)၊ မဖြစ်ဘူးဆိုရင်ရော . . (နိဗ္ဗာန် ပါဘုရား) အဲ . . . အဲ . . . မဖြစ်လား ဖြစ်လားဆိုတာ ကိုယ့်ဟာ ကိုယ်သိတယ်၊ ဟို အတိတ်ကဟာကြီးတွေရော အနာဂတ်ဖြစ် အုံးမှာလားဟဲ့ ဘာလားဟဲ့နဲ့ ဆိုတော့ ဝိစိကိစ္ဆာတွေ ကြောက်လန့် မနေဘူးလား၊ ကြောက်တော့ဘာတုံး (ဒေါသပါဘုရား)၊ အဲလို ဖြစ်သွားတာပေါ့။

ခု ပစ္စုပ္ပန်ကြံတော့ ဘာကြောက်စရာရှိသေးလဲ၊ ဟို မင်းကို ဒုတ်နဲ့ရိုက်တော့ရောတဲ့၊ ဒုတ်နဲ့ရိုက်ပေမဲ့ ဓါးနဲ့မှ မခုတ်သေး တာ၊ ဓါးနဲ့ခုတ်တော့ရောတဲ့၊ အမ် . . အရင်တုန်းက ဘုရားလက် ထက်တုန်းက ကိုယ်ဟာကိုယ်သတ်ရတယ်တဲ့ အခုတော့ ကိုယ့် ဟာကိုယ်မသတ်ရဘူးတဲ့ သူတကာသတ်ပေးတော့ ငြိမ်းတာပေါ့ အေးတာပေါ့လို့ ပုဏ္ဏောဝါဒသုတ် မကြားဖူးဘူးလား (ကြားဖူး ပါတယ်ဘုရား) အဲ . . အနာဂါတ်ရှိသေးလား၊ အဲလို အနာဂါတ်

www.burmeseclassic.com



မရှိတော့ ဒကာမကြီး ဘယ်ရောက်သွားတုံး (မရောက်တော့ပါဘူး ဘုရား)၊ ပထမတန်းတွေ ဖြစ်သွားတယ်၊ ရိပ်မိလား (ရိပ်မိပါပြီ ဘုရား)၊ အဲ "ပစ္စုပ္ပန်ကမ္မဘဝ" အခု ဒေါသဖြစ်ရင် အခု ခွေးဖြစ် အခုဝက်ဖြစ် ဟုတ်ကဲ့လား အခုဟာနော်. . .ဝမ်းထဲတင်. . . အခု သေလိုက်လို့ရှိရင် အခု အဲတာပဲဖြစ်မှာပါ ဝက်တို့ ခွေးတို့ ဖြစ်မှာပဲ၊ အဲဒါ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်သိလိုက်လို့ရှိရင် အနာဂါတ်ကို သိတယ်၊ ပစ္စုပ္ပန်က ဒေါသတွေ ဘာတွေမဖြစ်ဘူးဆိုရင် အနာဂါတ် ဘာဖြစ်အုံးမှာတုံး၊ အခုမှ မဖြစ်ဘဲနဲ့ အနာဂါတ်ဖြစ်အုံးမှာလား (မဖြစ်တော့ပါဘူးဘုရား)၊ အဲလို ဉာဏ်တွေ ဘာတွေ ထုတ်ရ တယ်၊ ထုတ်မှ. . .ဘာဘဝဖြစ်သွားတုံး ("ပစ္စုပ္ပန်ကမ္မဘဝ"ပါ ဘုရား)၊ အဲ. . . အနာဂါတ် ကမ္မဘဝဖြစ် ကဲ့လား (မဖြစ်တော့ပါဘူး ဘုရား)၊ အတိတ်ဘဝ ကမ္မဘဝကော ဖြစ်သေးလား (မဖြစ်တော့ပါ ဘူးဘုရား)၊ အဲ. . .ပစ္စုပ္ပန်ကမ္မဘဝဆိုတော့ မချုပ်နိုင်ဘူးလား (ချုပ်နိုင်ပါတယ်ဘုရား)၊ အဲ. . . တဏှာတွေ နောင်မလုပ်ရတော့ ဘူးတဲ့ ဟုတ်ကဲ့လား. . .၊ ဂဟကာရံ ဂဝေသန္တော (ဂဟကာရံ ဂဝေသန္တော)၊

**ဒုက္ခ ဇာတိ ပုနပ္ပုနံ** (ဒုက္ခ ဇာတိ ပုနပ္ပုနံ)။

**ဂဟကာရက ဒိဋ္ဌောသိ** (ဂဟကာရက ဒိဋ္ဌောသိ)၊

**ပုန ဂေဟံ န ကာဟသိ** (ပုနဂေဟံ န ကာဟသိ)။

အဲ. .နောင်မလုပ်ရတော့ဘူးဆိုတာ အဲဒါပဲ. .၊ တွေး-တွေးကြည့်နော်

**သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ** (သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ)၊

www.burmeseclassic.com

www.burmeseclassic.com



အလုံးစုံသော အိမ်အချင်ရနယ်တွေ ဖျက်လိုက်ပြီတဲ့၊ သင်္ခါရတွေ ဘာတွေကို သင်္ခါရတွေ ဘာတွေ ဖျက်လိုက်ပြီတဲ့ ရိပ်မိရဲ့လား။

## လူတွေဖြစ်တာကို ပြောနေတာ. . .

အဝိဇ္ဇာပြီးတော့ ကုသိုလ် အကုသိုလ် သင်္ခါရ မပါဘူးလား၊ အဲဒါ ဖျက်လိုက်ပြီတဲ့. . . သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ (သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ)၊ အိမ်အချင်ရနယ်တွေကို အကုန်ဖျက်လိုက်ပြီတဲ့၊ ဂဟကူဋံ ဝိသင်္ခတံ (ကဟကူဋံ ဝိသင်္ခတံ)၊ "ဂဟကူဋံ"ဆိုတာ အိမ်ရဲ့ခေါင်မိုး ခေါင်ချုပ်ကြီးကိုလည်း ဖျက်လိုက်ပြီတဲ့ ဟုတ်ကဲ့လား၊ **လူတွေဖြစ်တာကိုပြောနေတာ** ဒကာကြီးတို့ တကယ်ဟုတ်တယ်နော်. . . (မှန်ပါဘုရား)၊ ဝိသင်္ခါရဂတံ စိတ္တံ (ဝိသင်္ခါရဂတံ စိတ္တံ)၊ စိတ္တံ-စိတ်သည် (စိတ္တံ-စိတ်သည်)၊ ဝိသင်္ခါရဂတံ-ပြုပြင်ခြင်းကင်းသောနိဗ္ဗာန်သို့ (ဝိသင်္ခါရဂတံ-ပြုပြင်ခြင်းကင်းသောနိဗ္ဗာန်သို့)၊ ပြုပြင်ခြင်းကင်းတယ်ဆိုတာ ရိပ်မိလား (ရိပ်မိပါတယ်ဘုရား)၊ သင်္ခါရမဖြစ်ဘူး . . . ဟိုက တဏှာမဖြစ်တော့ ကမ္မဘဝ မဖြစ်တော့ဘူး၊ အဝိဇ္ဇာမဖြစ်တော့ . . . ဒီသင်္ခါရ မဖြစ်တော့ဘူး၊ ဒီနားလေးတင် ပစ္စုပ္ပန်လေးတင်နော် . . .၊ ဟိုတွေ ဘာတွေ ရှည်ရှည် မျောမျောကြီးတွေ သွားပြီးမလုပ်နဲ့. . .၊ ပစ္စုပ္ပန်လေးတင် ပစ္စုပ္ပန်လေးတင် ပြောနေတာနော် . . .၊

**ဂဟကာရံ ဂဝေသန္တော** (ဂဟကာရံ ဂဝေသန္တော)၊
**ဒုက္ခ ဇာတိ ပုနပ္ပုနံ** (ဒုက္ခ ဇာတိ ပုနပ္ပုနံ)။

www.burmeseclassic.com

www.burmeseclassic.com



**ဂဟကာရက ဒိဋ္ဌောသိ** (ဂဟကာရက ဒိဋ္ဌောသိ)၊
**ပုန ဂေဟံ န ကာဟသိ** (ပုန ဂေဟံ န ကာဟသိ)။
**သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ** (သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ)၊
**ဂဟကူဋံ ဝိသင်္ခတံ** (ဂဟကူဋံ ဝိသင်္ခတံ)။ အဲ. . . အဝိဇ္ဇာကြီးကို ဖျက်ပစ်လိုက်တယ်တဲ့ ဟုတ်ကဲ့လား. . . ဂဟကူဋံ ဝိသင်္ခတံ (ဂဟကူဋံ ဝိသင်္ခတံ)၊ **ဝိသင်္ခါရဂတံ စိတ္တံ** (ဝိသင်္ခါရဂတံ စိတ္တံ)၊
**အဝိဇ္ဇာပစ္စယာ သင်္ခါရာ** (အဝိဇ္ဇာပစ္စယာ သင်္ခါရာ)၊
**ဝိဇ္ဇာပစ္စယာ ဝိသင်္ခါရာ** (ဝိဇ္ဇာပစ္စယာ ဝိသင်္ခါရာ)၊
ကဲ . . . တစ်ခါတည်း ဖျက်ပြစ်လိုက်တယ်၊ အဝိဇ္ဇာ ဖျက်ပစ်လိုက်တော့ ဝိဇ္ဇာပဲ ဖြစ်တော့တာပေါ့ မဟုတ်ဘူးလား (မှန်ပါဘုရား)၊ အဲဒါတွေကို ပေါ်အောင် ကျကျနနလုပ် ဟုတ်ကဲ့လား (မှန်လှပါဘုရား)။

ဝိသင်္ခါရဂတံ စိတ္တံ (ဝိသင်္ခါရဂတံ စိတ္တံ)၊ **တဏှာနံ ခယမဇ္ဈဂါ** (တဏှာနံ ခယမဇ္ဈဂါ)၊ အဲဒါ တဏှာနံ-တဏှာတို့၏၊ ခယံ-ကုန်ရာကို (ခယံ-ကုန်ရာကို)၊ ကုန်ရာဖြစ်သော နိဗ္ဗာန်ကို (ကုန်ရာဖြစ်သော နိဗ္ဗာန်ကို)၊ တဏှာကုန်တယ်ဆိုရင် စိတ်မဆိုးတော့ဘူး၊ စိတ်ဆိုးတာက တဏှာကြောင့်၊ ဝစီကံပြစ် ဖြစ်တယ် မဟုတ်လား၊ မနောကံဖြစ်တယ် မဟုတ်ဘူးလား၊ အဲဒါ ပါးစပ်က မထွက်လို့ရှိရင် မနောကံ၊ ပါးစပ်က ထွက်လို့ရှိရင် (ဝစီကံပါဘုရား)၊ လက်နဲ့လုပ်လို့ရှိရင် (ကာယကံပါဘုရား)၊ အဲဒီမှာ မနောကံတောင် စိတ်မဆိုးဘူးတဲ့. . .၊ အဝိဇ္ဇာခေါင်းချုပ် ဖျက်လိုက်ပြီလေ . . .အဲဒါလေးကို ရွတ်ရွတ်ပေး ဟုတ်ကဲ့လား၊ အနေ့ဇာတိ

www.burmeseclassic.com

www.burmeseclassic.com



သံသာရံ (အနေကဇာတိသံသာရံ)၊ သန္ဓာဝိဿံ အနိဗ္ဗိသံ (သန္ဓာဝိဿံ အနိဗ္ဗိသံ)၊ ဆိုစမ်း··· ငါးခေါက်··· အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ)[၇]၊ အဲဒါသိလား··· ဘဝတွေ ရှာလုပြီတဲ့··တစ်ဘဝတစ်ဘဝဆိုတာ ဒီဟာ ကိုယ့်ပါးစပ်ထဲတင် ဟာတွေ ဘဝတွေ ဟုတ်ကဲ့လား၊ ကိုယ့်ပါးစပ်ထဲဖြစ်နေတာကို ဟိုသွားရှာနေလို့ရမလား။ (မရပါဘူးဘုရား)၊ ဒီက ကာယာ နုပဿနာနဲ့ ··· ကိုယ့်ဟာကိုယ် ရှာလိုက်တာ မတွေ့ဘူးလား တွေ့သလား (တွေ့ပါတယ်ဘုရား)၊ အဲလို··· ဓမ္မာနုပဿနာ ကာယာနုပဿနာ မဟုတ်ဘူးလား၊

အနေကဇာတိသံသာရံ (အနေကဇာတိသံသာရံ)၊
သန္ဓာဝိဿံ အနိဗ္ဗိသံ (သန္ဓာဝိဿံ အနိဗ္ဗိသံ)။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခ ဇာတိ ပုနပ္ပုနံ။
(ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခ ဇာတိ ပုနပ္ပုနံ)။
ဆိုလိုက်စမ်း (အနေကဇာတိ သံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ ဂဟကာရံ ဂဝေသန္တော ဒုက္ခ ဇာတိ ပုနပ္ပုနံ) ငါးခေါက်···
(**အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။**
**ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခ ဇာတိ ပုနပ္ပုနံ**)[၇]။

ဂဟကာရက ဒိဋ္ဌောသိ (ဂဟကာရက ဒိဋ္ဌောသိ)၊ အသံက- ပါးစပ်က ဆိုလိုက် "ဂဟကာရက ဒိဋ္ဌောသိ" အိမ်ကို ဆောက်လုပ် တတ်သောသူကို မြင်ပြီလို့ဆိုလိုက်လို့ရှိရင် ကိုယ်ကလည်း ဝမ်းထဲ က အိမ်ဆောက်လုပ်တတ်တဲ့သူကိုမြင်ပြီ၊ အခု ဝစီကံ အိမ်ကြီး ဆောက်လိုက်တာ မဟုတ်လား (မှန်ပါဘုရား)၊ ဆောက်လုပ် တဲ့ဟာ ဘယ်သူတုံး (တဏှာပါဘုရား)၊ ဆဲတာက ဘာကြီးတုံး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး၊ ဆဲတာက ဘယ်သူကြောင့်ဆဲသတုံး (တဏှာကြောင့်ပါဘုရား)၊ အဲဒီဆဲတာက ဘာကြီးတုံး အိမ်ကြီး၊ ဆဲကြောင်းက ဘယ်သူတုံး (တဏှာပါဘုရား)၊ အဲဒီ တဏှာက ဘာလုပ်တဲ့သူတုံး (အိမ်ဆောက်တဲ့သူပါဘုရား)၊ အဲ··· အဲသလို ဉာဏ်တွေကလည်း အဲလိုသွားမှ··· သို့မဟုတ်လို့ရှိရင် ဒကာမကြီးတို့က ဉာဏ်က မသွားဘူး ဟိုလို ဟော-ဟောနေလို့ကမရဘူး၊ အဲလိုကိုဟောမှ ဒါတောင်မှ အိမ်ရောက်တော့ မပျောက်ဖို့ အရေးကြီးသေးတယ်၊ သေချာလုပ်ထားပါ။

ဂဟကာရက ဒိဋ္ဌောသိ (ဂဟကာရက ဒိဋ္ဌောသိ)၊ ပုန ဂေဟံ န ကာဟသိ (ပုန ဂေဟံ န ကာဟသိ)၊ ဆဲတာတွေ ငေါက်တာတွေကို နောက်မလုပ်တော့ဘူးတဲ့ · · · ဟုတ်လား၊ သဗ္ဗာ တေ ဖာသုတာ ဘဂ္ဂါ (သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ)၊ ဆိုလိုက်စမ်း (သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ)၊ ဖာသုကာ ဆိုတာ အချင်ရနယ်တွေကိုပြောတာ··၊ ဖာသုကာ က ဘာတုံး (အချင်ရနယ်တွေပါဘုရား)၊ သင်္ခါရကိုခေါ်တယ်၊ အချင်ရနယ်ဆိုတာ · · · ခေါင်အုပ်ဆိုတာ အဝိဇ္ဇာကိုခေါ်တာ၊ အိမ်ကြီးနော် · · · ဥပမာနဲ့ ပေးနေတယ်နော် မြတ်စွာဘုရားက ဒကာမကြီးတို့ စိတ်ဖြစ်တာ စိတ်ဖြစ်တာ တဏှာကြီးနဲ့ မယားမလိုချင်ဘူးလား လက်မထပ်ချင်ဘူးလား၊ အဲဒါ ဘာလုပ်နေတာတုံး အိမ်ဆောက်နေတာ · · · ဘာပြုလို့ အိမ်ဆောက်တုံး (တဏှာရှိလို့ပါဘုရား)၊ အဲဒါ လက်ထပ်ချင်တာက အိမ်ဆောက်တာ၊ ရိပ်မိလား နောက် အိမ်မဆောက်ဘူးလား၊ ခွေးအိမ်၊ ဝက်အိမ်··· အဲလိုဟာတွေ လျှောက်ပြောနေတာ ဉာဏ်က တော်တော်ဉာဏ်တကယ်ကြီးမှ ··· ဘာကယ်

www.burmeseclassic.com

www.burmeseclassic.com



ဟန်တာနော်. . .ဉာဏ်မကြီးလို့ရှိရင် ဉာဏ်မလိုက်နိုင်ဘူး. . . မလိုက်နိုင်လို့ရှိရင် ကျန်နေတတ်တယ်၊ လိုက်နိုင်အောင်ချရမယ် ဟုတ်ကဲ့လား လွှတ်ကြိုးစားပေးရမယ်၊ ပိုက်ဆံတောင်ရအောင် ရှာနိုင်သေးတာ. . . ဒီလောက်ကလေးတော့ ဘာလို့ မရ-ရမှာ လဲ၊ အဲဒါ ရအောင်ကျက်. . . ဟုတ်ကဲ့လား. . . (မှန်ပါဘုရား)၊ **ဂဟကာရံ ဂဝေသန္တော** (ဂဟကာရံ ဂဝေသန္တော)၊ ပြီးတော့ ကော **(ဒုက္ခ ဇာတိ ပုနပ္ပုနံ)**။ **ဂဟကာရက ဒိဋ္ဌောသိ** (ဂဟကာ ရက ဒိဋ္ဌောသိ)၊ **ပုန ဂေဟံ န ကာဟသိ** (ပုန ဂေဟံ န ကာဟသိ)။ **သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ** (သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ)၊ **ဂဟကူဋံ ဝိသင်္ခတံ** (ဂဟကူဋံ ဝိသင်္ခတံ)၊ အဲ. . . အိမ်ခေါင်မိုးချုပ်ကြီးကို ဝိသင်္ခတံ ဖျက်ဆီးပစ်လိုက်ပြီတဲ့. . . အဲဒါ ဝိဇ္ဇာဖြစ်လိုက်တော့ ဒီက သင်္ခါရလာသေးလား၊ **ဝိသင်္ခါရဂတံ စိတ္တံ** (ဝိသင်္ခါရဂတံ စိတ္တံ)၊ အဲဒါ ပြုပြင်ခြင်းကင်းသွားတဲ့စိတ်ဟာ **တဏှာနံ ခယမဇ္ဈဂါ** (တဏှာနံ ခယမဇ္ဈဂါ)၊ တဏှာကုန်ရင် နိဗ္ဗာန်ရောက်သွားတယ်. . ဒီကဘာတုံး ဖြစ်တာက တဏှာ. . . ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)၊ ဒီက တဏှာကုန်သွားတာ ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)၊ အေး. . အဲဒီဟာပဲ. . သစ္စာလည်း ဒါပဲ. . ဒါလည်း ဒါပဲ. . ပဋိစ္စသမုပ္ပါဒ် ဂရုစိုက်. . . ကဲ တော်ကြဦးစို့. . .။

(သာဓု. . . သာဓု. . . သာဓုပါဘုရား. . .)။

**တရားတော်ကူးယူပူဇော်ပြီးချိန် (၅-၈-၂၀၀၉)**

**ဓမ္မသစ္စာတရားအလှူတော်**

**စာမျက်နှာ (၃၃) နောက်** slip

www.burmeseclassic.com

www.burmeseclassic.com

**ဓမ္မာနုပဿနာဆိုတာ-**

★ တကယ်ရှိတဲ့ ဓမ္မသဘာဝတွေကို ဓမ္မအတိုင်း အမှန်သိ သိပေးနေတဲ့ ဉာဏ်ကို ခေါ်တယ်။

★ "ဓမ္မာနုပဿနာ" ဆိုတာ ဉာဏ်၊ "ဓမ္မာနုပဿီ" ဆိုတာ ပုဂ္ဂိုလ်။

★ "ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ" ဆိုတာ ဓမ္မနဲ့ နေသော ပုဂ္ဂိုလ်။

**ဓမ္မာနုပဿနာနဲ့ ရှုပွားနေရင်-**

★ လုပ်ရင်းကိုင်ရင်း နှလုံးသွင်း ထင်လင်းရှုနိုင်ချက်

★ သွားရင်းလာရင်း နှလုံးသွင်း ထင်လင်းရှုနိုင်ချက်

★ ရောင်းရင်းဝယ်ရင်း နှလုံးသွင်း ထင်လင်းရှုနိုင်ချက်

★ ခရဖမ်းသထက် လွယ်ကူချက်၊ အပျက်မြင်နိုင်ချက်

★ ဖြစ်တာက ဥဒယဉာဏ် ပျက်တာက ဝယဉာဏ်

★ ပျက်နေတယ် ပျက်နေတယ် မှန်စွာသုည သိရှင်ယ်။

**စာမျက်နှာ (၃၄) နောက် slip ရဲ့ကျောကပ်**


www.burmeseclassic.com

www.burmeseclassic.com

★ လွန်ကျူးတုံ့ပြန်သည်ကို ငြိကပ်ခြင်း (တဏှာ)၊
စွဲလန်းခြင်း (ဥပါဒါန်) မရှိဘူးဆိုရင် (နိဗ္ဗာန်)။

★ သေသွားရင် သာသနာမရှိဘူး။
ရသခိုက် အမိအရလုပ်ထား ကြိုးစားထား။

★ မဂ္ဂင်ဆိုတာ ပွားရတာ၊
ကိုယ့်အိမ်မှာ လုပ်ရင်းကိုင်ရင်း မဂ္ဂင်ပွားနေရင်. .
သံသရာက ထွက်နေတယ်. . .။



## ဆုတောင်းပတ္ထနာ

ဝဋ်ဒုက္ခကုန်ကြောင်းဉာဏ်ကိုပွားပေးရသော ကုသိုလ်ကြောင့်
ကိလေသာဝဋ်ကျွတ်ရာကို လွယ်ကူလျင်မြန်စွာ မျက်မှောက်ပြုနိုင်ခြင်း၏
ပြီးပြည့်စုံသော အထောက်အပံ့ဖြစ်ပါစေသတည်း။

တရားတော်ကို လေးမြတ်ကြည်ညိုသူ မည်သူမဆို ကူးယူ၍ ဓမ္မဒါန ပူဇော်နိုင်ပါသည်။

www.burmeseclassic.com